# 5W ပုံစံဖြည့်ခြင်းအတွက် လမ်းညွှန်ချက်များ

MIMU

## 5W ဆိုတာဘာလဲ?

မြန်မာနိုင်ငံအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်လျက် ရှိကြသည့် အလှူရှင်များအပါအဝင် အဖွဲ့အစည်းအသီးသီးတို့၏ ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းရပ်များကို စီမံချက်များရေးဆွဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းများအတွက် MIMU မှ ပြုစုထုတ်ပြန်သော 5W (**W**ho is doing **W**hat, **W**here, **W**hen, and For **W**hom) (မည့်သည့်အဖွဲ့သည် မည်သည့် လုပ်ငန်းအား မည်သည့်နေရာတွင် လုပ်ဆောင်လျက်ရှိသည်) သတင်းအချက်အလက်များအား အဓိကမှီငြမ်း အသုံးပြုကြပါသည်။ 5W တွင် တိုးတက်ပြောင်းလဲနေမှုများအား အချိန်နှင့်တပြေးညီတင်ပြနိုင်ရန် အရေးကြီးသည့်အလျောက် အစီရင်ခံစာများကိုလည်း ၆ လတစ်ကြိမ် ထုတ်ပြန်နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

## အဖွဲ့အစည်းများမှ 5W ဆိုင်ရာသတင်းအချက်အလက်ဖြည့်စွက်ခြင်းဖြင့် ပူးပေါင်းပါဝင်ခြင်း

ကျေးဇူးပြု၍ပူးတွဲပါဝင်သော (သို့) MIMU website မှ ရယူနိုင်သော ဖြည့်စွက်ပုံစံတွင်အချက်အလက်များအား အောက်ဖော်ပြပါ လမ်းညွှန်ချက်များနှင့် မေးလေ့ရှိသော မေးခွန်းများအတိုင်း ဖြည့်သွင်း စေလိုပါသည်။

DO

1. ကော်လံများအားလုံးအတွက် drop-down list များအား အသုံးပြုပါ။ (project title, project start year, project end year, the last data updated date and the organization’s remark ကော်လံများမှလွဲ၍)

| | Organization | Implementing Partners (comma separated) | Sector/ Cluster | Sub Sector | State/Region | Township | Village_Tract/ Town | Village/Ward |
|---|---|---|---|---|---|---|---|---|
| 4 | | | | | | | | |
| 5 | Action Based Community Development | | Education | Non-Formal Education | Kayin | Hpa-An | Bar Kat | Taw Gyi Kone |
| 6 | Action Based Community Development | | Education | Non-Formal Education | Kayin | apun | Kawt Lu Doe | Kyar Le Doe |
| 7 | | | | | | | | |
| 8 | | | | | | | | |
| 9 | | | | | | | | |
| 10 | | | | | | | | |

Kayin
Magway
Mandalay
Mon
Nay Pyi Taw
Rakhine
Sagaing
Shan (East)


DO

2. လိုင်းတစ်လိုင်းတွင် နေရာဒေသတစ်ခုအတွက် စီမံကိန်း/ကဏ္ဍ/ကဏ္ဍခွဲတစ်ခုကိုသာ ဖြည့်စွက် နိုင်သောကြောင့်
   - စီမံကိန်း/ကဏ္ဍ/ကဏ္ဍခွဲတစ်ခုသည် နေရာဒေသတစ်ခုထက်ပိုရှိခဲ့ပါလျှင် နေရာဒေသ တစ်ခုချင်းစီ အတွက် တစ်လိုင်းစီသုံးပြီး အခြားအချက်အလက်များအား နေရာဒေသမတူသော လိုင်းများတွင် ပွားပေးပါ။
   - နေရာဒေသတစ်ခုတွင် စီမံကိန်း/ကဏ္ဍ/ကဏ္ဍခွဲတစ်ခုထက်ပိုရှိခဲ့ပါလျှင် စီမံကိန်း/ကဏ္ဍ/ကဏ္ဍခွဲ တစ်ခုချင်းစီအတွက် တစ်လိုင်းစီသုံးပြီး အခြားအချက်အလက်များအား ပွားပေးပါ။

| Organization | Implementing Partners (comma separated) | Sector/ Cluster | Sub Sector | State/Region | Township | Village_Tract/ Town | Village/ Ward | IDP Camp/Site Name (Select State/Regi | Project Title | Type of Technical Support to/ through Government | Project Focus (Choose State/Region first) | Project Start Month | Project Start year | Estimated Project End | Estimated Project | Project Status | Open/Restricted | Last Data Updated date (dd/mm/yy) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ACTED | | Education | Non-Formal Education | | Dawei | | | | Developing Sustainable Partnerships for | | Development Focus | Jul | 2018 | Jun | 2020 | Under Implementation | Open | 8/27/2018 |
| ACTED | | Education | Non-Formal Education | Tanintharyi | Myeik | | | | Developing Sustainable | | Development Focus | Jul | 2018 | Jun | 2020 | Under Implementation | Open | 8/27/2018 |
| ACTED | | Coordination | General Coordination | Yangon | | | | | Set up and running of 3Zero | | Development Focus | Oct | 2017 | Oct | 2018 | Under Implementation | Open | 8/27/2018 |
| Action Aid Myanmar | Action for Social Aid | Agriculture | Capacity Building (Agric | Ayeyarwady | Pyapon | Auk Ka Bar | Hti Tan (Yin) | | Community Led Development | | | Feb | 2012 | Feb | 2022 | Under Implementation | Open | 3/10/2014 |
| Action Aid Myanmar | Action for Social Aid | Agriculture | Capacity Building (Agric | Ayeyarwady | Pyapon | Auk Ka Bar | Ka Mar Po | | Community Led Development | | | Feb | 2012 | Feb | 2022 | Under Implementation | Open | 3/10/2014 |
| Action Aid Myanmar | Action for Social Aid | Agriculture | Capacity Building (Agric | Ayeyarwady | Pyapon | Daw Nyein | Aye Kone | | Community Led Development | | | Feb | 2012 | Feb | 2022 | Under Implementation | Open | 3/10/2014 |

DO

**3.** MIMU သို့ Data File မပို့ခင် အချက်အလက်ဖြည့်သွင်းပုံစံတွင်ပါဝင်သည့် “AdminNames” ဟုခေါ်သော sheet ကို ဖျက်ပါ။ (အကယ်၍ 5W Data File အရွယ်အစားအလွန်ကြီးနေပါက)




DO

**4.** လက်ရှိဆောင်ရွက်ဆဲစီမံကိန်းများ၊ လွန်ခဲ့သော ၆ လတွင် အကောင်ထည်ဖော်ဆောင်ရွက်ပြီးခဲ့သော စီမံကိန်းများ၊ နောက် ၆ လ အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများနှင့် လွန်ခဲ့သော ၆ လမှ ယခုအချိန်ထိ ရပ်တန့်ထားသောစီမံကိန်းများအား ဖြည့်သွင်းပါ။

| စီမံကိန်းအမျိုးအစား | Project status |
|---|---|
| လက်ရှိဆောင်ရွက်ဆဲ **(ဩဂုတ်လ ၂၀၂၃ ထိ)** | Under Implementation |
| လွန်ခဲ့သော ၆ လခန့်က ဆောင်ရွက်ပြီးစီး | Completed |
| နောက် ၆ လအတွင်း ပြုလုပ်ရန် ရည်ရွယ် | Planned |
| လွန်ခဲ့သော ၆ လမှ ယခုအချိန်ထိ ရပ်တန့်ထားသော<br>(လမ်းပန်းဆက်သွယ်ရေး/လုံခြုံရေးကြောင့်)<br>(စီမံကိန်း ရန်ပုံငွေအခက်အခဲကြောင့်)<br>(အခြား အကြောင်းအရင်းကြောင့်) | Suspended<br>- (due to access and security constraints)<br>- (due to funding constraints)<br>- (due to other reasons) |

DO


**5.** အစီရင်ခံစာများတွင် အဖွဲ့အစည်းအမည်အား မဖော်ပြလိုပါက “open/restricted” ကော်လံတွင် “restricted” ဟု ထည့်သွင်း ဖြည့်စွက်ပါ။

DON'T

**6.** ကော်လံများအား ပြန်စီခြင်း/နေရာပြောင်းခြင်း (သို့) ပုံစံပြောင်းခြင်း မပြုလုပ်ရပါ။

DON'T


**7.** လိုင်းများကြားတွင် အကွက်လွတ်များ မထားရှိရပါ။



| | A | B | C | D | E | F | G | H | I | |
|---|---|---|---|---|---|---|---|---|---|---|
| 1 | Name of Organization | Project Year Start | Project Year End | State/Region | Township | TS_Pcode | Village Tract | VT_Pcode | Village | V_Pcode |
| 2 | Plan International | | 2018 | | Toungup | MMR012016 | Nga Lone Maw | MMR012016010 | Nga Lone Maw | 199622 |
| 3 | Plan International | | 2018 | | Toungup | MMR012016 | Let Pan Kyun | MMR012016014 | Let Pan Kyun | 199635 |
| 4 | | 2014 | 2018 | Rakhine | | MMR012016 | Pauk Pyin | MMR012016001 | Thin Chi Kone | 199593 |
| 5 | Plan International | | 2018 | | | MMR012016 | Let Pan Kyun | MMR012016014 | Kan Pyin | 199636 |
| 6 | Care International | | 2018 | | Toungup | MMR012016 | Kyauk Seik Taung | MMR012016016 | Kyauk Seik Taung | 199639 |
| 7 | Care International | 2014 | 2018 | | Toungup | MMR012016 | Myo Taung Gyi | MMR012016017 | Myo Taung Gyi | 199644 |
| 8 | Care International | 2014 | 2018 | Rakhine | | MMR012016 | Tha Lein Pyin | MMR012016039 | | |


DON'T

**8.** အကွက်များစွာကို တစ်ခုတည်းပေါင်းခြင်း မပြုလုပ်ရပါ။




| | A | B | C | D | E | F | |
|---|---|---|---|---|---|---|---|
| 1 | Name of Organization | Project Year Start | Project Year End | State/Region | Township | Village Tract | Village |
| 2 | Plan International | | 2018 | | Taungup | Nga Lone Maw | Nga Lo |
| 3 | Plan International | | 2018 | | Taungup | Let Pan Kyun | Let Pa |
| 4 | | 2014 | 2018 | Rakhine | | | Let Pa |
| 5 | Plan International | | 2018 | | Taungup | Let Pan Kyun | Kan Py |
| 6 | Care International | | 2018 | | Taungup | Kyauk Seik Taung | Kyauk |
| 7 | Care International | 2014 | 2018 | | Taungup | Myo Taung Gyi | Myo T |

9. မတူညီသော စာလုံးပုံစံများအား ပေါင်းမရေးရပါ။ အင်္ဂလိပ်စာလုံးပုံစံဖြင့်သာ အချက်အလက်များအား ဖြည့်ရပါမည်။ အကယ်၍ နေရာဒေသအမည်များသည် မြန်မာစာလုံးပုံစံဖြင့်သာရှိပါက သီးသန့်ပေးပို့ပါ။



| | A | B | C | D | E | F | G | H | I | |
|---|---|---|---|---|---|---|---|---|---|---|
| 1 | Name of Organization | Project Year Start | Project Year End | State/Region | Township | TS_Pcode | Village Tract | VT_Pcode | Village | V_Pcode |
| 14 | Plan International | 2014 | 2018 | Shan State | Kentong | | ဟိုကပ | | ရပ္ပြက္ (၃) | |
| 15 | Care International | 2014 | 2018 | Rakhine State | Tongup | MMR012016 | Gyi Wa | MMR01201603[illegible] | Gyi Wa | 199694 |
| 16 | Care International | 2015 | 2018 | Rakhine | Toungup | MMR012016 | Nyaung Pin Seik | MMR012016031 | Pyin Gyi | 199699 |
| 17 | Care International | 2015 | 2018 | Rakhine | Toungup Tow | MMR012016 | [illegible] | MMR012016049 | Taung Pauk | 199780 |
| 18 | Care International | 2015 | 2018 | Rakhine | Toungup | MMR012016 | Kyoe Kyar Kwin | MMR012016025 | Nyaung Lan Htoe | 220854 |
| 19 | Plan International | 2015 | 2018 | Rakhine | Toungup | MMR012016 | Hpaung Khar | MMR012016037 | | |

10. ဖြည့်သွင်းချက်များအား cell တစ်ကွက်အတွင်း တစ်မျိုးထက်ပို၍ မဖြည့်ရပါ။ တစ်ခုထက်မက ဖြည့်သွင်းနိုင်သော ကော်လံမှာ implementing partner ကော်လံတစ်ခုသာ ဖြစ်ပြီး macros အား “enable” လုပ်ထားပြီးဖြည့်စွက်ပါ။ (ဥပမာ- တစ်ခုထက်ပိုသော မြို့နယ်များအား cell တစ်ကွက်အတွင်း မဖြည့်ရပါ။)



| State/Region | Township |
|---|---|
| Kachin, Kayah, Kayin, Chin | Bhamo, Loikaw, Hpa-An, Hakha |

## မေးလေ့ရှိသော မေးခွန်းများနှင့် ယေဘုယျလမ်းညွှန်ချက်များ

### အချက်အလက်များကို အသစ်ကစပြီး ဖြည့်မည့်အစား ယခင်ပေးပို့ပြီးသော 5W အချက်အလက်များ ပေါ်တွင်သာ ပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်လိုပါတယ်။

လူကြီးမင်းအနေဖြင့် လက်ရှိလုပ်ကိုင်နေသော (သို့) လွန်ခဲ့သော ၆ လ ကပြီးစီးသွားခဲ့သော (သို့) လာမည့် ၆ လ တွင်လုပ်ကိုင်မည့် စီမံကိန်း အသစ်များကိုသာ ဖြည့်သွင်းသင့်ပါသည်။ အကယ်၍ လူကြီးမင်းအနေဖြင့် MIMU အား 5W အချက်အလက်များ ပေးပို့ဖူးပါက ယခင် 5W အချက်အလက်ဟောင်းများကို ပြင်ဆင်ဖြည့်စွက်နိုင်ရန် MIMU မှ ပြန်လည်ပေးပို့မည်ဖြစ်ပါသည်။ အဆိုပါ အချက်အလက်ဟောင်းများကို (အထူးသဖြင့် Project Status တွင် “Under Implementation” or “Planned”) စစ်ဆေးကာ လိုအပ်သည်များထပ်မံဖြည့်စွက် ပြင်ဆင်ပြီး MIMU အား ပြန်လည်ပေးပို့နိုင်ပါသည်။


### မိမိအဖွဲ့အစည်း (သို့) တွဲဘက်အဖွဲ့အစည်းအမည်သည် Drop down စာရင်းတွင် လုံးဝမပါဝင်ခြင်း (သို့) မှားယွင်းစွာပါဝင်နေပါတယ်။

မိမိအဖွဲ့/တွဲဘက်အဖွဲ့အစည်းအမည် (သို့) အတိုကောက်အမည်တွင် လွဲမှားမှုများ ရှိခဲ့လျှင်ဖြစ်စေ၊ Drop down စာရင်းတွင် မပါဝင်လျှင် ဖြစ်စေ၊ “Organization sheet” တွင် ပြင်ဆင်/ဖြည့်စွက်ပေးပြီး ပြောင်းလဲမှုများအတွက် MIMU သို့လည်း အကြောင်းကြားပေးပါ။ ပြင်ဆင်လိုက်သည့် “Organization sheet” ကိုလည်း အတူတကွ ပို့ပေးရန်လည်း လိုအပ်ပါသည်။ “Project Data Entry” sheet ရှိ "Organization" column တွင် အဖွဲ့အစည်းအမည်တစ်ခုသာရွေးချယ်ရမည်ဖြစ်သည်။ သို့သော် တွဲဘက်အဖွဲ့အစည်း "Implementing Partners" column တွင်မူ တစ်ဖွဲ့ ထက်မက ရွေးချယ်နိုင်သည်။ တစ်ခုထက်မက ရွေးရန် Macro ကို Enable ပြုလုပ်ထားရန်လိုအပ်ပါသည်။ Partners ရွေးချယ်စဉ် မှားယွင်းမှုဖြစ်ပါက အားလုံးကို ပြန်ဖျက်ကာ အစမှ ပြန်ရွေးရမည်ဖြစ်ပါသည်။

**MIMU သို့ပြင်ဆင်ပြီးသော 5W အချက်အလက်များပေးပို့ရာတွင် File အရွယ်အစားအလွန်ကြီးနေခြင်း (သို့မဟုတ်) အီးမေးလ်စနစ်မှလက်မခံခြင်း**

5Wအချက်အလက်များ အပြည့်အစုံ ပြင်ဆင်ဖြည့်သွင်းပြီးကြောင်းသေချာပါက "AdminNames" worksheet ကို ဖျက် (delete) လုပ်ပါ။ အကယ်၍ "Organization" worksheet တွင်ပြင်ဆင်ဖြည့်စွက်ထားပါက ၄င်း "Organization" worksheet ကို မဖျက်ဘဲ "Project Data Entry" worksheet နှင့် အတူထားရပါမည်။

ပြီးနောက် ဖိုင်အမျိုးအစားကို Zip သို့ပြောင်းပြီး ၄င်းဖိုင်ကိုအီးမေးလ်မှ ပြန်လည်ပေးပို့နိုင်ပါသည်။




**အချက်အလက်အဟောင်းများအား ဖြည့်စွက်ပုံစံတွင် ပြောင်းလဲထည့်သွင်းရာတွင် အဆင်မပြေခြင်း**

MIMU မှ ပေးပို့သော အချက်အလက်ဟောင်းဖိုင်ကို ဖြည့်စွက်ပုံစံထဲသို့ ကော်ပီ (copy) ကူးပြီး "Paste" လုပ်ရာတွင် ရိုးရိုး "Paste/Ctrl+V" အစား "Paste Special" မှ "values and number formatting" ကို ရွေးချယ်ပေးရပါမည်။

**စီမံကိန်းလုပ်ငန်းများအနေဖြင့် drop down စာရင်းတွင်ပါဝင်သော ကဏ္ဍခွဲများနှင့် ကိုက်ညီမှုမရှိခြင်း**

သတ်မှတ်ထားပြီးသော ကဏ္ဍခွဲများနှင့် ကိုက်ညီမှုမရှိသော လုပ်ငန်းဆောင်ရွက်ချက်များအား "Organization's Remark" ကော်လံတွင် ဖြည့်စွက်ဖော်ပြနိုင်ပါသည်။ သို့သော် ကဏ္ဍခွဲ ရှင်းလင်းချက်များအား ဖတ်ရှုထားပြီးကြောင်း သေချာစေရပါမည်။

**ဒေသဆိုင်ရာအချက်အလက်အမည်များ (ပြည်နယ်/တိုင်းဒေသကြီး ၊ မြို့နယ်၊ ကျေးရွာအုပ်စု နှင့်ကျေးရွာ) အား drop down list တွင် ရှာမတွေ့ခြင်း**

Pcodes တွင်ပါဝင်ပြီးသော နေရာဒေသများကိုသာ 5W အစီရင်ခံစာနှင့် မြေပုံများတွင် ဖော်ပြပေးနိုင်မည်ဖြစ်ပါသည်။ အကယ်၍ မိမိတို့ဒေသသည် Drop down စနစ် တွင်မရှိပါက MIMU (အီးမေးလ် info.mimu@undp.org) သို့ အကြောင်းကြားပေးပါ။ သို့မှသာ သက်ဆိုင်ရာဒေသများအတွက် Pcode သတ်မှတ်ပေးပြီး နောက်တစ်ကြိမ်ထွက်ရှိမည့် 5W ပုံစံတွင် ထည့်သွင်းပေးနိုင်မည် ဖြစ်ပါသည်။

**IDP Camp/Site Name ကို drop down list တွင်ရှာမတွေ့ခြင်း**

Drop down list တွင်ရှာမတွေ့သော IDP Camp/Site အမည်များကို သက်ဆိုင်ရာ အကွက်တွင် ရိုက်ထည့်နိုင်ပါသည်။

**အစိုးရအား နည်းပညာထောက်ပံ့ပေးမှု အမျိုးအစား**

အစိုးရအား နိုင်ငံအဆင့် (သို့) ပြည်နယ်/တိုင်းအဆင့် နည်းပညာကူညီမှု ပေးနေသော စီမံကိန်းလုပ်ငန်းများအား 5W အစီရင်ခံစာများတွင် ပါဝင်နိုင်ရန်ရည်ရွယ်ပါသည်။ ထောက်ပံ့ပေးမှု အမျိုးအစားအား Drop down တွင် ရွေးချယ်ပေးပါ။

**စီမံကိန်းဦးတည်မှုအမျိုးအစား**

မြန်မာနိုင်ငံရှိ မည်သည့် တိုင်းဒေသကြီး/ ပြည်နယ်တွင်မဆို အကောင်အထည်ဖော်ဆောင်ရွက်သော စီမံကိန်းအားလုံးအတွက် 5W အစီရင်ခံစာများတွင် စီမံကိန်းဦးတည်မှုအမျိုးအစားလိုက် ဖော်ပြနိုင်ရန် အောက်ပါ Drop-down list မှ သက်ဆိုင်ရာ တစ်ခုကို ရွေးချယ်ပေးရမည် ဖြစ်သည်။

- Development Focus (Normal Program) – ဖွံ့ဖြိုးရေးစီမံကိန်းသာ
- IDP Focus - နေရပ်စွန့်ခွာ ပြောင်းရွှေ့သူများသာ

- IDP and Host Community Focus - နေရပ်စွန့်ခွာ ပြောင်းရွှေ့သူများနှင့် ဒေသခံများ
- Other vulnerable groups (not IDP related) - အခြားဦးစားပေးသင့်သူများ (နေရပ်စွန့်ခွာ ပြောင်းရွှေ့သူများမပါ)

## စီမံကိန်းအခြေအနေကိုတိကျစွာ သတ်မှတ်ပေးခြင်း

Drop down ကိုသုံးပြီး အောက်ပါ Drop-down list မှ သက်ဆိုင်ရာ တစ်ခုကို ရွေးချယ်ပေးပါ။

- Under Implementation - ဆောင်ရွက်နေဆဲ စီမံကိန်း (၂၀၂၃ ခုနှစ် ဩဂုတ်လအထိ ဆောင်ရွက်ဆဲ)
- Completed/ Ended - ဆောင်ရွက်ပြီးသည့်စီမံကိန်း (ပြီးဆုံး) / ရာသက်ပန်ရပ်ဆိုင်းလိုက်သောစီမံကိန်း
- Planned - ဆောင်ရွက်ရန် လျာထားသောစီမံကိန်း
- Suspended due to access/security constraints - လမ်းပန်းဆက်သွယ်ရေး/လုံခြုံရေးကြောင့် ရပ်ဆိုင်းထားသောစီမံကိန်း
- Suspended due to funding constraints - ရန်ပုံငွေအခက်အခဲကြောင့် ရပ်ဆိုင်းလိုက်ရသောစီမံကိန်း
- Suspended for other reasons - အခြား အကြောင်းအရင်းကြောင့် ရပ်ဆိုင်းလိုက်သောစီမံကိန်း

မည်သည့်အခြေအနေမှ ရွေးချယ်မထားပါက ဆောင်ရွက်ဆဲစီမံကိန်း (Under Implementation) ဟုသတ်မှတ်ပါမည်။

## အချက်အလက်ဖြည့်စွက်ရန်အကြောင်းရေ တစ်ထောင်ကျော်ပါသလား


5W အချက်အလက်ဖြည့်သွင်းပုံစံတွင် အကြောင်းရေ တစ်ထောင် (၁,၀၀၀) အတွက်သာ ပြုလုပ်ထားပါသည်။ အကယ်၍ သင်ဖြည့်စွက်မည့်အချက်အလက်များသည် အကြောင်းရေတစ်ထောင်ထက်ပိုများပါက Drop down ပါရှိသည့် အချက်အလက် မထည့်သွင်းရသေးသောလိုင်းအား copy ကူးယူပြီး လိုအပ်သည့်လိုင်းတွင် နေရာချထား (Paste)ခြင်းအားဖြင့် အကြောင်းရေတိုးနိုင်ပါသည်။

## အကြောင်းအမျိုးမျိုးကြောင့် အချက်အလက်များကို MIMU မှလွဲ၍ ပြင်ပသို့ ဖြန့်ဝေခြင်းမပြုလုပ်လိုခြင်း (သို့) အစီရင်ခံစာများတွင် အဖွဲ့အစည်းအမည် မဖော်ပြလိုခြင်း

Open/Restricted ကော်လံတွင် "Restricted" ကို ရွေးချယ် ဖြည့်စွက်ရပါမည်။ "Restricted" ဖြင့် ဖြည့်စွက်ထားသော အချက်အလက်များအားလုံးကို MIMU မှ လုံခြုံစွာ သိမ်းဆည်းထားမည်ဖြစ်ပြီး ပြင်ပသို့ဖြန့်ဝေခြင်းမပြုသည့်အပြင် အစီရင်ခံစာများတွင်လည်း ပေးပို့သော အဖွဲ့အစည်း အမည်ကို ဖော်ပြမည်မဟုတ်ပါ။

## 5W အချက်အလက်ဖြည့်သွင်းပုံစံဖိုင်တွင် Drop-down list များမှန်ကန်စွာအလုပ်မလုပ်ခြင်း


- **Enable Content** စာသားကိုနှိပ်ပေးပါ (အောက်ပါ ပုံတွင်ကြည့်ပါ) ။




- ထို့အပြင် အောက်ပါအတိုင်း လုပ်ဆောင်နိုင်ပါသည်။ Microsoft Excel 2010 / 2016 အသုံးပြုသူများသည်
  - File => Options => Trust Center ကိုအစဉ်တိုင်းနှိပ်ပါ။ ထိုအခါ ညာဘက်မှ Trust Center Settings…. ကိုနှိပ်ပါ။
  - Trust Center ပေါ်လာလျှင် Macro Settings ကိုနှိပ်ပြီး Macro Settings ခေါင်းစဉ်အောက်မှ Enable all macros (…..) ကိုရွေးပေးပါ။

- Microsoft Excel 2007 အသုံးပြုသူများသည် အောက်ပါပုံများအတိုင်းလုပ်ဆောင်နိုင်ပါသည်။




အထက်ပါအဆင့်များလုပ်ဆောင်ပြီးပါက Microsoft Excel ကိုပိတ်ပြီး နောက်တစ်ခါပြန်ဖွင့်ပေးပါ။

လူကြီးမင်းများအနေဖြင့်ဖော်ပြပါ လမ်းညွှန်ချက်များအတိုင်း လိုက်နာ၍ စီမံကိန်းလုပ်ငန်း အချက်အလက်များကို 5W Data Entry Form တွင် ဖြည့်စွက်ပြီး **၂၀၂၄ ခုနှစ် ၊ မတ်လ ၁၂ ရက်** နောက်ဆုံးထားပြီး ပေးပို့ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ အထက်ပါအကြောင်းအရာများနှင့်တကွ ထပ်မံသိရှိလိုသည်များအား ဦးဇင်မင်းထွန်း (အီးမေးလ် zin.min.tun@undp.org ၊ ဖုန်းနံပါတ် ၀၉ ၇၇၄၀ ၇၇၇ ၆၁) သို့ဆက်သွယ်နိုင်ကြပါသည်။ သို့မဟုတ်ပါက အဖွဲ့အစည်းများအတွက် 5W ဖောင်ဖြည့်ရာတွင် ကူညီပေးနိုင်ရန် ပြုလုပ်ပေးမည့် သင်တန်းများတွင်လည်း တက်ရောက်နိုင်ပါသည်။ သင်တန်းနှင့်ဆိုင်သည့် အသေးစိတ် အချက်အလက်များအား www.themimu.info တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။